## မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများ မဟာမိတ်အင်အားစု

## နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာရှိပြည်သူလူထုများထံသို့ ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာသော မြန်မာစစ်တပ်၏ အာဏာသိမ်းမှုအပေါ် အရေးပေါ် မေတ္တာရပ်ခံချက်

နေ့စွဲ။ ။ ၁၂ရက်နေ့၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ခုနှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများမဟာမိတ်အင်အားစုသည် မြန်မာစစ်တပ်၏ ခါးသီးသော ဖိနှိပ်မှုအမျိုးမျိုးကို မျိုးဆက်ပေါင်းများစွာ ခံစားလာခဲ့ရသည့် ဌာနေတိုင်းရင်းသားများ ကိုယ်စားဖြစ်ပါသည်။

ဌာနေတိုင်းရင်းသားများသည် ခေတ်အဆက်ဆက်အာဏာရှင်များလက်အောက်နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် ပေါ်ပေါက်လာသော အစိုးရအဆက်ဆက်တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုခံရခြင်း၊ သဘာဝအရင်းအမြစ်လုယူမှုဒါဏ်ကို ခံခဲ့ရသူများဖြစ်သည်သာမက ပြည်တွင်းစစ်၏ဒါဏ်ကို ဆယ်စုနှစ်များစွာ ခံခဲ့ရပြီး လူ့အခွင့်အရေးဆုံးရှုံးနေသည့်သူများ ဖြစ်ပါသည်။

ကိုဗစ် ၁၉ ရောဂါအား နိုင်ငံတကာမှ စုပေါင်းကာကွယ်တိုက်ဖျက်နေရသည့် အချိန်တွင် ကမ္ဘာ့အရေးကို လျစ်လျူရှု၍ မိမိ၏အကျိုးကို အကာအကွယ်ပေးရန် မြန်မာ့စစ်တပ်မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ ၂၀၂၁မှ စတင်ပြီး မြန်မာနိုင်ငံရှိ ပြည်သူ့အာဏာကို အဓမ္မလုယူမှုပြုခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည်

၁။ ယခုမြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်များကျဆုံးရန် ဆန့်ကျင်ဆန္ဒပြနေသော ပြည်သူများကို အပြည့်အဝထောက်ခံပါသည်။ အာဏာသိမ်းသူများ၏ လုပ်ရပ်အပေါ်ပြင်းထန်စွာ ကန့်ကွက်ရှုံချသည်။

၂။ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာရှိ ပြည်သူလူထုများမှ ယခုအာဏာသိမ်းယူထားသော စစ်အာဏာရှင်များအား ပြင်းထန်သောပြစ်ဒါဏ်ပေးပြီး ထိရောက်သောအရေးယူမှုကို ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါသည်။

၃။ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးအား အာဏာသိမ်းယူသူများမှ အကြမ်းမဖက်သောနည်းဖြင့် ဆန္ဒပြသူများအပေါ် မတရားဖမ်းဆီးနှိပ်စက်ပြီး သွေးမြေကျစေနိုင်သည့် လုပ်ရပ်များ မပေါ်ပေါက်လာစေရေးအတွက် တတ်နိုင်သည့်နည်းဖြင့် ဝင်ရောက်တားဆီးပေးပါရန်တိုက်တွန်းသည်။

၄။ မြန်မာနိုင်ငံရှိ မတရားဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးခေါင်းဆောင်များနှင့်တကွ အပြစ်မဲ့ပြည်သူလူထုများ ပြန်လည်လွတ်မြောက်လာရေးနှင့် တိုင်းရင်းသားပြည်သူလူထုများအားလုံး စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးအတွက် အဖက်ဖက်မှ ဖိအားပေးပြီး စောလျှင်သောအရေးယူဆောင်ရွက်မှုကိုပြုပါရန် တိုက်တွန်းသည်။

၅။ နိုင်ငံတကာအနေဖြင့် မြန်မာစစ်တပ်မှ လက်နက်ကိုင်တိုင်းရင်းသားများနှင့် စစ်ပွဲဆင်နွှဲရာတွင် တိုင်းရင်းသားများ၏ အသက်အိုးအိမ်ကို ပစ်မှတ်ထားပြီး ချေမှုန်းမှုအပေါ် နိုင်ငံတကာမှ ဖိအားပေးရန် တိုက်တွန်းသည်။

၆။ မြန်မာစစ်တပ်နှင့် နိုင်ငံတကာအကြားဆက်ဆံရေးသည်လည်း သမားရိုးကျချဉ်းကပ်နည်းမဟုတ်သည့် နည်းလမ်းများကို ရှာဖွေပြီး မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရန်အတွက် အကူအညီပေးပါရန် တိုက်တွန်းသည်။

လက်ရှိနေရာအနှံ့ဆန္ဒပြမှုဖြစ်နေချိန်တွင် တိုင်းရင်းသားဒေသများ၌ စစ်ဆင်ရေးအရှိန်အဟုန် မြှင့်တင်ဆောက်ရွက်လာခြင်းသည် နိုင်ငံရေးပြဿနာကို စစ်အင်အားသုံးပြီး အဖြေရှာခြင်းအလေ့အကျင့်ကြောင့် တိုင်းရင်းသားများ၏ ဘဝကို ပိုမိုခက်ခဲပြီး အမှောင်ကာလသို့ တွန်းပို့စေခြင်းပင်ဖြစ်ပါသည်။

စစ်အာဏာရှင်ကျဆုံးပြီး တိုင်းရင်းသားပြည်သူလူထုအားလုံးမှ ရေးဆွဲသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် ဖက်ဒရယ်ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပေါ်ထွက်လာမှသာ တိုင်းရင်းသားများ ဘဝလုံခြုံမှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည်ဖြစ်ပါသည်။